ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် မတ်လအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

April, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ် မတ်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ် ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ် မတ်လ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၆၄.၄၅** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၂၉.၉၈** ရှိပါသည်။ **၂၀၁၉ ခုနှစ် မတ်လ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၅၀.၁၃** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၈.၈၅** နှင့် နှိုင်းယှဉ်ပါက **၀.၈၆%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ် မတ်လ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၆.၁၇** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၂၅.၈၅** နှင့် နှိုင်းယှဉ်ပါက **၀.၂၅%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ် မတ်လ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၅၀.၁၃** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၉.၁၁** နှင့် နှိုင်းယှဉ်ပါက **၇.၉၂%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ် မတ်လ၏ Core CPI မှာ ၁၂၆.၁၇ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၁၈.၈၃** နှင့် နှိုင်းယှဉ်ပါက **၆.၁၈%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ် မတ်လတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၆၄.၄၅** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၉၁%** မြင့်တက်လာပါသည်။ ဆန်(ဧည့်မထ၊ ငကြွေ) ဈေးနှုန်းများ၊ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဘဲသား၊ ဝက်သား၊ ဆိတ်သား၊ အမဲသား ဈေးနှုန်းများ၊ ငါးဈေးနှုန်းများ၊ ပုစွန်တုပ်၊ ပုစွန်ကျော့ဈေးနှုန်းများ၊ ဘဲဥဈေးနှုန်းများ၊ ငရုတ်သီး ခြောက်(အရှည်) ဈေးနှုန်းများနှင့် အချို့ပဲဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ် မတ်လတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၂၉.၉၈** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၇၈%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။ ထို့ပြင် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ(အမျိုးသမီး)နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း

ယခင်လကထက် မြင့်တက်လာပါသည်။ သို့ရာတွင် ရွှေဈေးနှုန်းမှာမူ ယခင်လကထက် အနည်းငယ် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ် မတ်လအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသိသာသာဆက်လက်ကျဆင်းလာသော်လည်း နိုင်ငံခြားငွေလဲနှုန်းနှင့် ဆက်စပ်လျက်ရှိသော သွင်းကုန်ဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများမှာ ပြည်ပမှတင်သွင်းသည့် ဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည့်အတွက် ပြည်တွင်း လောင်စာဆီဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ် မတ်လတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အသား၊ ငါးနှင့်ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ သိသာစွာ ကျဆင်းလာသော်လည်း ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာသောကြောင့် ပြည်တွင်း လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်း နှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်း တို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ် မတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၇.၂၈%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၅.၈၆%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၇.၉၂ **%** ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ **၆.၁၈%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ် မတ်လ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၉ ခုနှစ် မတ်လ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ် မတ်လ နှင့် ၂၀၁၉ ခုနှစ် မတ်လ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၉ ခုနှစ် မတ်လ စားသုံးသူဈေးဆန္ဒန်း နှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ် မတ်လအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၅၀.၁၃ ဖြစ်ရာ ယခင်လအခြေအနေ ၁၄၈.၈၅ နှင့် နှိုင်းယှဉ်ပါက ၀.၈၆% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စုမှာ သိသာစွာကျဆင်းလာပြီး ဆက်သွယ်ရေးအုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ အနည်းငယ်သာမြင့်တက်လာပြီး ကျန်အုပ်စုများမှာမူ ယခင်လကထက် သိသာစွာမြင့်တက်လျက်ရှိပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၆၄.၄၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၉၁% မြင့်တက်လာပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ၀.၆၅% မြင့်တက်လာပြီး မြေပဲဆီ ၀.၆၉%၊ နှမ်းဆီ ၀.၅၄%၊ ကြက်သား ၀.၂၃%၊ အမဲသား ၂.၁၄%၊ ဘဲဥ ၀.၂၄%၊ ငါးခူ ၂.၅၈%၊ ငါးရံ့ ၂.၅၆%၊ ငါးမြစ်ချင်း ၀.၈၁%၊ ပုစွန်ခြောက် ၁.၁၈%နှင့် ငါးရံ့ခြောက် ၁.၁၅% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းများမှာ သိသိသာသာ မြင့်တက်လာသော်လည်း ကြက်သွန်နီ ဈေးနှုန်းမှာ ကျဆင်းလာပါသည်။ ထို့အပြင် ဆား၊ အချိုမှုန့်နှင့် နန္နင်းမှုန့် ဈေးနှုန်းများလည်း မြင့်တက်နေပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ အုန်းသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ သံပုရာသီး၊ ရှောက်သီး ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်ကြသော အာလူး၊ ခရမ်းချဉ်သီး၊ မုန်လာဥဖြူ၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သခွားသီးနှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိပါသည်။

ပဲဈေးနှုန်းများတွင် ကုလားပဲ၊ ပဲနီလေးနှင့် ပဲပြုတ်ဈေးနှုန်းများမှာ အနည်းငယ်ပြန်လည်မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၄၁.၉၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၂.၃၀% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကွမ်းရွက်နှင့် ကွမ်းသီး(အခြမ်း၊ အလုံး)များသည် ဒေသအတွင်း ထွက်ရှိမှုများလာသောကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၄.၉၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၀% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း၊ ပြည်ပ)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ အမျိုးသမီးဝတ်အင်္ကျီနှင့် အမျိုးသမီးအင်္ကျီချုပ်ခ ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၅၄.၁၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၁၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော အိမ်ငှားခ၊ ခနိ၊ သက်ကယ်၊ ဝါး၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ်၊ ထင်းနှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် အိမ်ပြုပြင်ခြင်းများ ပြုလုပ်လာကြသဖြင့် အိမ်ဆောက်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လာပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၆.၆၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၆၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဘီရို၊ ဆိုဖာ၊ ရေခဲသေတ္တာ၊ ဒန်သတ္တု၊ သောက်ရေအိုး၊ ရေစုပ်စက်၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်နှင့် အိမ်အကူအလုပ်သမားခ ဈေးနှုန်းများ အနည်းငယ် ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၅၀.၄၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၅၃% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့် ဖျားနာသူများလာသဖြင့် ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခ ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၁၁.၉၃ ရှိ၍ ယခင်လအခြေအနေ ၁၀၉.၂၈ နှင့် နှိုင်းယှဉ်ပါက ၂.၄၂% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆန္နန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၆၅၇.၈၂ ကျပ်မှ ၃၉၂၈.၀၆ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၂၃၇.၅၆ ကျပ် မှ ၄၅၀၃.၀၆ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး ပြန်လည်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၀၁.၇၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိပါ။ ဤအုပ်စုအတွင်း၌ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများ အနည်းငယ် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၁၀.၀၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ထူးခြားစွာပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဂျာနယ်ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၃၃.၈၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာမြင့်တက်နေပါသည်။ နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သဖြင့် သင်တန်းတက်သူများပြားလာ၍ ဤအုပ်စုအတွင်းရှိ သင်တန်းကြေးဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၆.၉၃ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၀၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့

ခေါက်ဆွဲ၊ အသုပ်စုံ၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်/ကော်ဖီ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆန္ဒနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၉.၉၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသမီး)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆံပင်ဆိုးဆေး၊ ကိုယ်လိမ်းပေါင်ဒါ၊ မိတ်ကပ်၊ နာရီနှင့် ထီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆန္ဒနှုန်း**မှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၉.၉၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၇၈% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

### ၂၀၁၈ ခုနှစ် မတ်လ နှင့် ၂၀၁၉ ခုနှစ် မတ်လ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ် မတ်လအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၅၀.၁၃ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၃၉.၁၁ နှင့် နှိုင်းယှဉ်ပါက ၇.၉၂ % မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါကသိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၆၄.၄၅ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လ အခြေအနေ ၁၅၀.၅၂ နှင့် နှိုင်းယှဉ်ပါက ၉.၂၅% ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၈.၅၆% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၇.၃၇%၊ နှမ်းဆီ ၁၃.၀၇%၊ ကြက်သား ၄.၂၀%၊ ဝက်သား ၂.၃၃%၊ အမဲသား ၂၀.၈၄%၊ ဘဲဥ ၁၄.၁၂%၊ ကြက်ဥ ၁၄.၁၃%၊ ငါးခူ ၉.၆၉%၊ ငါးရံ့ ၆.၆၉%၊ ငါးမြစ်ချင်း ၂.၅၃%၊ ပုစွန်ခြောက် ၁၂.၉၄%၊ ငါးရံ့ခြောက် ၇.၉၈%နှင့် ရေကျိုငါးပိ ၁.၅၇% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၂.၉၈% မြင့်တက်လျက်ရှိပါသည်။ သို့သော် မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်နီ ၄၆.၉၁%၊ ကြက်သွန်ဖြူ ၃၂.၈၉%နှင့် ကုလားပဲခြမ်း ၁၇.၅၈% တို့ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၄၁.၉၃ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၈.၂၇% ကျဆင်းနေပါသည်။ ဤအုပ်စု

တွင် ပါဝင်သော ကွမ်းရွက်နှင့် ကွမ်းသီး (အခြမ်း/အလုံး) ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၄.၉၃ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လ နှင့် နှိုင်းယှဉ်ပါက ၅.၁၃% မြင့်တက်လာကြောင်းတွေ့ ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)၊ သားရေဖိနပ်နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၅၄.၁၃ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၅.၉၂% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂက်(စ်) ဓာတ်ငွေ့နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၆.၆၅ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၇.၇၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၅၀.၄၅ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၇.၉၉% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၁၁.၉၃ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၈.၀၁% ဖြင့် ဆက်လက်မြင့်တက်လာ

ပါသည်။ ယင်းအုပ်စုဈေးဆန္နန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၃၈၁၆.၂၃ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၅၀၃.၀၆ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၃၈၁၄.၉၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၉၂၈.၀၆ ကျပ်သို့ မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဓ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၀၁.၇၆ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၀.၇၉% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင် ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၁၀.၀၆ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လ နှင့် နှိုင်းယှဉ်ပါက ၃.၆၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဗူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၃၃.၈၉ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၉.၁၅% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၆.၉၃ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၃.၁၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့်

နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၃၇.၆၁ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၁၀.၀၉% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအမျိုးစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၃.၄၇%၊ သနပ်ခါး ၉.၈၂%၊ မိတ်ကပ် ၁၆.၃၆%၊ သွားတိုက်ဆေး ၁၈.၃၄%နှင့် လွယ်အိတ် ၂၆.၅၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လ၌ ၁၂၉.၉၈ ရှိ၍ ၂၀၁၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ၅.၆၃% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လ) အထိ တစ်နှစ်တာ ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် ဧပြီလတွင် ၁၃၉.၈၂ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်း ဈေးနှုန်းများ ကျဆင်းလာခြင်း၊ ဆန်အသစ် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ကျဆင်းလာခြင်း၊ ဆောင်းရာသီဖြစ်ခြင်းကြောင့် အသီးအနှံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက် ဈေးနှုန်းများနှင့် ကုန်ခြောက်ပစ္စည်း ဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆန္ဒန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံခြားငွေလဲနှုန်းများ ဆက်တိုက်ကျဆင်းလာသော်လည်း၊ အသားငါးနှင့်ဥဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူဈေးဆန္ဒန်း ပြန်လည်မြင့်တက်လာခဲ့ရာ မတ်လ၌ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ် မတ်လတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အနည်းငယ် ကျဆင်းနေသည်မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ကယားပြည်နယ်တွင် ၂.၁၀% ဖြင့် အများဆုံး မြင့်တက်လာပြီး ချင်းပြည်နယ်တွင် ၀.၂၅% ဖြင့် အနည်းဆုံးမြင့်တက်နေပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ) တစ်နှစ်တာ ကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာ

ပါက၂၀၁၈ ခုနှစ် ဧပြီလတွင် ၅.၈၇% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ပွင့်လင်းရာသီ ဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေပြန်လည် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်းလာပါသည်။ သို့သော် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ အနည်းငယ် ပြန်လည် မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လတွင်လည်း ၇.၉၂% ဖြင့် ဆက်လက်မြင့်တက်လျက်ရှိပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ် မတ်လအထိ တစ်နှစ်ပျမ်းမျှ ၇.၂၈% ရှိ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၇.၀၇% နှင့် နှိုင်းယှဉ်ပါက ၀.၂၁% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ် ဧပြီလတွင် ၄.၁၂% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့် တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လတွင် ၇.၂၈%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ် မတ်လ အတွင်း ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၁.၀၆% ဖြင့် အမြင့်ဆုံး၊ မန္တလေးမြို့တွင်

၁၀.၅၂% ဖြင့် ဒုတိယအမြင့်ဆုံး၊ မွန်ပြည်နယ်တွင် ၉.၈၂% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၀၇% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၃.၅၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၉ ခုနှစ် မတ်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ပြန်လည်မြင့်တက်လာပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကလည်း များစွာမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် နီးကပ်လာပြီဖြစ်၍ ဆန်သိုလှောင်ရန်အတွက် ဝယ်ယူမှုများ ရှိလာသောကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံနှင့် နှမ်းများကို ပြည်ပဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၁.၇၀ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၂၂.၂၉ သို့ ကျဆင်းလာသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများလည်း အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ တိရိစ္ဆာန်အစာဖြစ်သော ကြက်စာ၊ ငါးစာဈေးနှုန်းများ မြင့်တက်ခြင်း၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ခြင်းတို့ကြောင့် ဝယ်လိုအားမြင့်တက်နေခြင်း စသည့်အကြောင်းရင်းများကြောင့် အသား၊ ငါး ဈေးနှုန်းများမြင့်တက်လာပါသည်။ ထို့ပြင် ရာသီဥတုပူပြင်းသဖြင့် ဥထွက်နှုန်းများကျဆင်းလာပြီး ဘဲဥဈေးနှုန်းများမြင့်တက်လာသည် ကိုတွေ့ရှိရပါသည်။

(ဃ) ရာသီဥတုပူပြင်းသော နွေရာသီကာလတွင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံ ဈေးနှုန်းများ မြင့်တက်လာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ မြင့်တက်လာပြီး ကြက်သွန်နီဈေးနှုန်းမှာမူ သိသိသာသာ ကျဆင်းလာပါသည်။ လှောင်ကြက်သွန်နီမဟုတ်သော မိုးကြက်သွန်နီ(အသစ်)များ ပြည်တွင်းဈေးကွက်သို့ လှိုင်လှိုင် ဝင်ရောက်လာသောကြောင့် အနိမ့်ဆုံး ဈေးနှုန်းသို့ ရောက်ရှိခဲ့ပါသည်။ အစိုဓာတ်အနည်းငယ်ရှိနေသဖြင့် ရက်ကြာသည်နှင့်အမျှ အလေးချိန်လျော့နည်းလာသည့်အတွက် အမြန်ဆုံး ရောင်းချမှုများ ရှိလာပြီး ဈေးနှုန်းများ ကျဆင်းလာပါသည်။ ပဲမျိုးစုံဈေးကွက်တွင် ပြည်ပမှ ပြန်လည်ဝယ်ယူမှုများ ရှိလာသောကြောင့် ပဲဈေးနှုန်းများ ပြန်လည် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၀၀၁၅၂၀.၃၅ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၉၁% ကျဆင်းလာခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၃.၄၇% မြင့်တက်လျက် ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၂၀.၅၂ ရှိရာ မှ ၁၃၀၃.၁၇ သို့ ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသည်နှင့်အတူ မြန်မာ့ရွှေဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာပါသည်။

(ဆ) ၂၀၁၉ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၄၆ မှ ၈၀.၅၄ သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၄.၀၇ မှ ၇၂.၃၇ သို့ သိသိသာသာမြင့်တက်လာသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာ အနည်းငယ်ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ် မတ်လအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်နေသော်လည်း ယခင်လနှင့် နှိုင်းယှဉ်ပါက ဆက်လက်ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ် မတ်လတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ရက် နီးကပ်လာသောကြောင့်လည်းကောင်း၊ ကျောင်းပိတ်ချိန်ဖြစ်သဖြင့် ခရီးသွားလာသူများပြားလာပြီး ဝယ်လိုအား များလာသောကြောင့် လောင်စာဆီဈေးနှုန်းများမြင့်တက်ခြင်းနှင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမြင့်တက်ခဲ့ပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၉ ခုနှစ်၊ မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း** | **၁၀၀.၀၀** | **၁၃၉.၁၁** | **၁၄၈.၈၅** | **၁၅၀.၁၃** | **၀.၈၆** | **၇.၉၂** | **၇.၂၈** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၅၀.၅၂** | **၁၆၂.၉၆** | **၁၆၄.၄၅** | **၀.၉၁** | **၉.၂၅** | **၇.၄၂** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၄.၇၃ | ၁၄၅.၂၇ | ၁၄၁.၉၃ | -၂.၃၀ | -၈.၂၇ | ၂.၉၃ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၈.၈၃ | ၁၂၄.၅၅ | ၁၂၄.၉၃ | ၀.၃၀ | ၅.၁၃ | ၃.၆၉ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၄၅.၅၂ | ၁၅၂.၃၇ | ၁၅၄.၁၃ | ၁.၁၅ | ၅.၉၂ | ၇.၆၈ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၇.၅၃ | ၁၂၅.၈၄ | ၁၂၆.၆၅ | ၀.၆၄ | ၇.၇၆ | ၅.၄၄ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၉.၃၂ | ၁၄၉.၆၅ | ၁၅၀.၄၅ | ၀.၅၃ | ၇.၉၉ | ၆.၄၄ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၃.၆၃ | ၁၀၉.၂၈ | ၁၁၁.၉၃ | ၂.၄၂ | ၈.၀၁ | ၁၀.၃၃ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၅၇ | ၁၀၁.၇၅ | ၁၀၁.၇၆ | ၀.၀၁ | -၀.၇၉ | ၁.၇၈ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၆.၂၂ | ၁၁၀.၀၅ | ၁၁၀.၀၆ | ၀.၀၁ | ၃.၆၂ | ၂.၆၀ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၆၇ | ၁၃၃.၈၈ | ၁၃၃.၈၉ | ၀.၀၁ | ၉.၁၅ | ၇.၅၈ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၂၃.၀၆ | ၁၂၆.၈၃ | ၁၂၆.၉၃ | ၀.၀၈ | ၃.၁၄ | ၇.၇၃ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၅.၀၀ | ၁၃၇.၄၄ | ၁၃၇.၆၀ | ၀.၁၂ | ၁၀.၀၉ | ၆.၅၇ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၂၃.၀၅** | **၁၂၈.၉၈** | **၁၂၉.၉၈** | **၀.၇၈** | **၅.၆၃** | **၇.၀၆** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒန်း(Core CPI)** | **၃၄.၂၉** | **၁၁၈.၈၃** | **၁၂၅.၈၅** | **၁၂၆.၁၇** | **၀.၂၅** | ***၆.၁၈** | ***၅.၈၆** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၄.၉၄ | ၁၅၀.၆၈ | ၁၅၀.၁၄ | -၀.၃၆ | ၃.၅၉ | ၆.၆၈ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၆.၇၆ | ၁၅၀.၉၅ | ၁၅၄.၁၂ | ၂.၁၀ | ၅.၀၁ | ၄.၂၁ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၅.၃၄ | ၁၃၅.၂၈ | ၁၃၇.၉၂ | ၁.၉၅ | ၁၀.၀၃ | ၇.၅၄ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၄.၀၃ | ၁၉၉.၄၂ | ၁၉၉.၉၁ | ၀.၂၅ | ၈.၆၃ | ၆.၉၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၄.၉၆ | ၁၄၈.၅၆ | ၁၅၀.၉၃ | ၁.၅၉ | ၁၁.၈၃ | ၆.၅၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၂၄.၁၅ | ၁၃၄.၂၀ | ၁၃၅.၂၁ | ၀.၇၅ | ၈.၉၁ | ၇.၉၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၅.၅၇ | ၁၄၄.၆၁ | ၁၄၆.၀၂ | ၀.၉၈ | ၇.၇၁ | ၆.၀၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၄၀.၇၇ | ၁၅၆.၇၇ | ၁၅၇.၇၅ | ၀.၆၂ | ၁၂.၀၇ | ၁၁.၀၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၃၃.၈၀ | ၁၄၁.၅၅ | ၁၄၃.၀၇ | ၁.၀၇ | ၆.၉၃ | ၅.၈၆ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၉.၆၀ | ၁၄၁.၇၁ | ၁၄၂.၇၃ | ၀.၇၂ | ၁၀.၁၃ | ၉.၈၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၇၄.၃၁ | ၁၈၄.၃၃ | ၁၈၄.၁၈ | -၀.၀၈ | ၅.၆၆ | ၉.၆၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၃၂.၆၀ | ၁၃၇.၉၃ | ၁၃၈.၇၁ | ၀.၅၇ | ၄.၆၁ | ၅.၆၇ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၅၁.၈၆ | ၁၆၀.၅၆ | ၁၆၀.၄၈ | -၀.၀၅ | ၅.၆၇ | ၇.၈၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၄၀.၃၇ | ၁၄၇.၉၈ | ၁၅၀.၈၄ | ၁.၉၃ | ၇.၄၆ | ၆.၁၇ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၀၄ | ၁၃၃.၀၈ | ၁၃၃.၉၄ | ၀.၆၄ | ၅.၄၃ | ၄.၂၇ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၉.၈၆ | ၁၄၉.၉၆ | ၁၅၀.၉၂ | ၀.၆၅ | ၇.၉၁ | ၇.၀၃ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၂.၈၅ | ၁၄၂.၄၇ | ၁၄၃.၈၇ | ၀.၉၈ | ၈.၃၀ | ၁၀.၅၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၉.၁၄ | ၁၃၈.၇၅ | ၁၄၀.၅၂ | ၁.၂၈ | ၈.၈၁ | ၇.၂၆ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၉.၁၁** | **၁၄၈.၈၅** | **၁၅၀.၁၃** | **၀.၈၆** | **၇.၉၂** | **၇.၂၈** |


## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ် မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် | | ၂၀၁၈ ခုနှစ် မတ်လ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | ဖေဖော်ဝါရီလ (ကျပ်) | မတ်လ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၉၀.၂၆ | ၁၅၀၀.၀၀ | ၁၃၈၁.၇၃ | ၀.၆၅ | ၈.၅၆ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၂၆၀.၂၃ | ၆၃၀၄.၃၅ | ၅၃၇၁.၅၆ | ၀.၆၉ | ၁၇.၃၇ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၄၇၅.၆၃ | ၆၅၁၀.၆၃ | ၅၇၅၇.၉၈ | ၀.၅၄ | ၁၃.၀၇ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၈၅.၃၂ | ၂၀၇၉.၀၃ | ၂၀၉၇.၆၉ | -၀.၃၀ | -၀.၈၉ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၁၄၅.၆၃ | ၇၁၆၂.၃၆ | ၆၈၇၃.၄၈ | ၀.၂၃ | ၄.၂၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၅၅၆.၇၆ | ၉၃၄၈.၃၁ | ၉၁၃၅.၅၉ | -၂.၁၈ | ၂.၃၃ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၂၇၈၉.၃၀ | ၁၃၀၆၃.၂၆ | ၁၀၇၂၁.၆၀ | ၂.၁၄ | ၂၁.၈၄ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၃၃.၄၁ | ၁၈၃၇.၇၂ | ၁၆၁၀.၃၄ | ၀.၂၄ | ၁၄.၁၂ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၄၁.၈၈ | ၁၃၃၀.၆၈ | ၁၁၆၅.၉၄ | -၀.၈၃ | ၁၄.၁၃ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၁၇၈.၃၃ | ၈၃၈၉.၄၄ | ၇၆၄၈.၆၂ | ၂.၅၈ | ၉.၆၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၁၄၉.၂၂ | ၈၃၅၈.၀၃ | ၇၈၃၄.၀၂ | ၂.၅၆ | ၆.၆၉ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၆၀၉.၈၂ | ၄၆၄၇.၃၂ | ၄၅၃၂.၄၄ | ၀.၈၁ | ၂.၅၃ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၁၉၀၃.၄၀ | ၃၂၂၈၀.၈၅ | ၂၈၅၈၂.၆၃ | ၁.၁၈ | ၁၂.၉၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၅၃၇.၇၅ | ၂၉၈၇၅.၉၈ | ၂၇၆၆၇.၀၀ | ၁.၁၅ | ၇.၉၈ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၁၃.၇၂ | ၃၃၁၃.၇၂ | ၃၂၆၂.၃၉ | ၀.၀၀ | ၁.၅၇ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၇၅၀.၄၂ | ၁၀၇၅.၄၂ | ၉၅၁.၈၈ | ၄၃.၃၁ | ၁၂.၉၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၅၂.၉၀ | ၂၃၅၆.၅၁ | ၂၈၅၉.၀၄ | ၀.၁၅ | -၁၇.၅၈ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၈၆.၉၅ | ၁၁၂၆.၃၁ | ၁၀၁၉.၆၈ | -၅.၁၁ | ၁၀.၄၆ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၁၄၁.၇၃ | ၂၃၃၆.၈၄ | ၃၄၈၂.၂၁ | ၉.၁၁ | -၃၂.၈၉ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၀၆၆.၆၀ | ၉၇၉.၀၀ | ၁၈၄၄.၀၅ | -၈.၂၁ | -၄၆.၉၁ |
| ၂၁ | လုံချည် | ၂/၆၄–ကျားဝတ် | ထည် | ၅၁၉၄.၆၈ | ၅၂၁၀.၆၄ | ၄၇၃၁.၀၈ | ၀.၃၁ | ၁၀.၁၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၂၆၉.၄၄ | ၅၃၀၇.၉၇ | ၅၀၃၇.၀၅ | ၀.၇၃ | ၅.၃၈ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၀၁၀၇၀၆.၁၉ | ၁၀၀၁၅၂၀.၃၅ | ၈၈၂၆၃၉.၈၆ | -၀.၉၁ | ၁၃.၄၇ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၈.၆၄ | ၃၃၄.၉၂ | ၃၁၈.၂၅ | ၁.၉၁ | ၅.၂၄ |
| ၂၅ | မီးသွေး | | ။ | ၆၅၁.၀၉ | ၆၅၃.၇၁ | ၆၂၀.၁၃ | ၀.၄၀ | ၅.၄၂ |
| ၂၆ | ဖယောင်းတိုင် | ၃၂–တိုင် | ထုပ် | ၄၃၅.၅၃ | ၄၃၅.၅၃ | ၄၀၈.၉၅ | ၀.၀၀ | ၆.၅၀ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | – | ၁၀၉၅.၉၁ | ၁၀၉၅.၉၁ | ၁၀၂၅.၄၃ | ၀.၀၀ | ၆.၈၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၂၃၇.၅၆ | ၄၅၀၃.၀၆ | ၃၈၁၆.၂၃ | ၆.၂၇ | ၁၈.၀၀ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၆၅၇.၈၂ | ၃၉၂၈.၀၆ | ၃၈၁၄.၉၂ | ၇.၃၉ | ၂.၉၇ |


၁၇

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | | ၂၀၁၉ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| စားသုံးသူဈေးဆန္နန်း (CPI) | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ |
| စားသုံးသူဈေးဆန္နန်း (Core CPI) | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | | ၂၀၁၉ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ |